- ပုဂ္ဂိုလ်ရေးဆုံးရှုံးမှု၊ ခြိမ်းခြောက်မှုနှင့် အဆင်မပြေမှုများ ဖြစ်ပေါ်စေခြင်း
- အခြေခံအဆောက်အအုံများ ဆုံးရှုံးခြင်း
- မမှန်ကန်သော စီးပွားရေးနှင့် နိုင်ငံရေးစနစ်များ ဖြစ်ပေါ်စေခြင်း
- ပြစ်ဒဏ်ကင်းလွတ်ခွင့်နှင့် တရားမျှတမှုမရှိခြင်း
- လူအများ၏အကျိုး ရည်မှန်းသော်လည်း အမြင်ကျဉ်းသည့် ဝါဒ တိုးပွားလာခြင်း
- အုပ်စုဖွဲ့ ပြစ်မှုကျူးလွန်ခြင်းနှင့် အကြမ်းဖက်မှုများဖြစ်ပေါ်စေခြင်း
- လူ့အဖွဲ့အစည်းတွင် သဘောတရားကွဲလွဲမှု တိုးပွားလာခြင်းနှင့် မတည်ငြိမ်မှုများ ဖြစ်ပေါ်စေခြင်း
- ရာသီဥတုပြောင်းလဲမှုနှင့် ဂေဟစနစ်များ ပျက်စီးခြင်း
- လူ့အခွင့်အရေး ချိုးဖောက်မှုများ ဖြစ်ပေါ်စေခြင်း
- လက်နက်ကိုင်ပဋိပက္ခနှင့် ရက်စက်ကြမ်းကြုတ်သော ပြစ်မှုများဖြစ်ပေါ်စေခြင်း
- အများပြည်သူ ယုံကြည်မှုလျော့ကျခြင်းနှင့် ပူးပေါင်းပါဝင်မှု လျော့နည်းခြင်း

(အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ တက္ကသိုလ်အဆင့်ရည်ညွှန်းစာစောင်(၁)၊ သင်ခန်းစာ(၁)မှ ကောက်နုတ်ဖော်ပြပါသည်)

## United Nations Convention Against Corruption UNCAC

- (၅၈)ကြိမ်မြောက်ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက် အမှတ်(၅၈/၄)အရ United Nations Convention Against Corruption – UNCAC (ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း) ကို ၃၁-၁၀-၂၀၀၃ ရက်နေ့တွင် ပြဋ္ဌာန်း။
- ၂-၁၂-၂၀၀၅ရက်နေ့တွင် မြန်မာနိုင်ငံသည် UNCAC ၌ အမှတ်စဉ် ၁၃၇ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် လက်မှတ်ရေးထိုး။
- ၂၀-၁၂-၂၀၁၂ ရက်နေ့တွင် UNCAC ၏ ၁၆၅ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် အတည်ပြုပါဝင်။



- ၃၁-၁၂-၂၀၂၁ ရက်နေ့ထိ UNCAC ၏ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၈၉ နိုင်ငံ။
- ၇-၈-၂၀၁၃ ရက်နေ့တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို ပြဋ္ဌာန်း။

UNCAC မှ အဂတိလိုက်စားမှုအဖြစ်အဓိပ္ပာယ်ဖွင့်ဆိုသော တရားဥပဒေနှင့်ဆန့်ကျင်သည့် ကျူးလွန်ဆောင်ရွက်မှုများတွင်-

- အများပိုင်နှင့် ပုဂ္ဂလိကကဏ္ဍများတွင် လာဘ်ပေးလာဘ်ယူမှုပြုခြင်း
- အများပြည်သူနှင့် ပုဂ္ဂလိကကဏ္ဍများတွင် အလွဲသုံးစားပြုခြင်း
- သြဇာအာဏာကို သုံးစွဲ၍ မလျော်ဆောင်ရွက်ခြင်း
- လုပ်ငန်းတာဝန်ကို အလွဲသုံးစားပြုခြင်း
- တရားမဝင် ကြွယ်ဝချမ်းသာလာခြင်း
- ငွေကြေးခဝါချခြင်း
- အထက်ဖော်ပြပါ ပြစ်မှုများနှင့် ဆက်နွှယ်သည့် ဖုံးကွယ်ခြင်း
- တရားစီရင်ခြင်းကို နှောင့်ယှက်ဟန့်တားခြင်းတို့ပါရှိပါသည်။

*“တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှု ပြုပြင်ပြောင်းလဲရေးဆိုင်ရာ လုပ်ငန်းစဉ်ချမှတ် အကောင်အထည်ဖော်ရာတွင် အဂတိလိုက်စားမှု ပြဿနာကို အလေးပေးထည့်သွင်း စဉ်းစားဖို့လိုသည်။ “တိုင်းပြည်တစ်ပြည်၏ စီးပွားရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတွင် အဂတိလိုက်စားမှုသည် ကြီးမားလှသည့် ခလုတ်တံသင်း ဖြစ်သည်”*



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

**အသိပညာပေးခြင်းကဏ္ဍ**

## နိုင်ငံတကာအဖွဲ့အစည်းများ၏ အဂတိလိုက်စားမှုနှင့်စပ်လျဉ်းသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ

WORLD BANK GROUP

CORRUPTION

**“THE ABUSE OF PUBLIC OFFICE FOR PRIVATE GAIN”**

**“ပုဂ္ဂလိကအကျိုးစီးပွားအလို့ငှာ အများပြည်သူဆိုင်ရာ ရုံးဌာနကို အလွဲသုံးစားပြုခြင်း”**

TRANSPARENCY INTERNATIONAL

CORRUPTION

**“THE ABUSE OF ENTRUSTED POWER FOR PRIVATE GAIN”**

**“ကိုယ်ကျိုးစီးပွားအလို့ငှာ ယုံကြည်အပ်နှံထားသော လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြုခြင်း”s**

OECD

Organisation for Economic Co-operation and Development

CORRUPTION

**“THE ABUSE OF A PUBLIC OR PRIVATE OFFICE FOR PRIVATE GAIN”**

**“အများပြည်သူဆိုင်ရာ သို့မဟုတ် ပုဂ္ဂလိကဆိုင်ရာ ဌာနအား ကိုယ်ကျိုးစီးပွားအတွက် အလွဲသုံးစားပြုခြင်း”**

## အဂတိတရား (၄)ပါး

- လိုလား၊ နှစ်သက်၊ စုံမက်၊ ချစ်ခင်ခြင်း – ဆန္ဒာဂတိ
- အမျက်ထွက်ပွား၊ ရန်ငြိုးထားခြင်း – ဒေါသာဂတိ
- ဘေးဒဏ်စိုးရိမ် ကြောက်ရွံ့ခြင်း – ဘယာဂတိ
- မှားမှန်မသိ တွေဝေမိခြင်း – မောဟာဂတိ

## UNDP Model (Corruption Equation)

C = (M + D) – (A + I + T)

- C = Corruption (အဂတိလိုက်စားမှု)
- M = Monopoly Power (လုပ်ပိုင်ခွင့်တစ်ဦးတည်းချုပ်ကိုင်မှု)
- D = Discretion(လိုအပ်သလိုကိုယ်ပိုင်ဆုံးဖြတ်နိုင်ခွင့်)
- A = Accountability (တာဝန်ယူမှု၊ တာဝန်ခံမှု)
- I = Integrity (ဂုဏ်သိက္ခာရှိမှု)
- T = Transparency (ပွင့်လင်းမြင်သာမှု)

(AIT, a consequence of weak governance)

တစ်ဦးတစ်ယောက်တည်း၏ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်မြင့်မားပြီး ပွင့်လင်းမြင်သာမှုနှင့်တာဝန်ခံမှု နည်းပါးပါက အဂတိလိုက်စားမှု ပိုမို မြင့်မားလာမည်ဖြစ်ပါသည်။ ၎င်းအပြင် ချမှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များ ရှင်းလင်းပြတ်သားမှု မရှိခြင်းသည်လည်း အဂတိလိုက်စားမှုအခွင့်အလမ်းကို ဖြစ်ပေါ်စေပါသည်။

## Forms of Corruption (အဂတိလိုက်စားမှုပုံစံများ)

- Bribery (လာဘ်ပေးလာဘ်ယူခြင်း)
- Extortion (ခြိမ်းခြောက်ငွေညှစ်ခြင်း)
- Fraud (လိမ်လည်ခြင်း)
- Misappropriation (ငွေအလွဲသုံးစားပြုခြင်း)
- Nepotism (ဆွေမျိုးကောင်းစားရေးဝါဒ)
- Cronyism (နီးစပ်ရာကောင်းစားရေးဝါဒ)
- Appropriation of Public Assets and Property for private gain (အများပြည်သူပိုင်ပစ္စည်းကို ကိုယ်ပိုင်အဖြစ်သုံးစွဲခြင်း)
- Influence Peddling (မလျော်ဩဇာသုံး၍ မဲဆွယ်လွှမ်းမိုးခြင်း)



## အဂတိလိုက်စားမှု အမျိုးအစားများ

- ကြီးမားသော အဂတိလိုက်စားမှု (Grand Corruption)

  အစိုးရဌာနများ၏ အထက်ပိုင်းအလွှာ အရာရှိကြီးများက အစိုးရ၏မူဝါဒများကိုဖြစ်စေ၊ ပင်မလုပ်ငန်းဆောင်တာများကိုဖြစ်စေ၊ ပုံပျက်ပန်းပျက်ဖြစ်စေခြင်းဖြင့် အများပြည်သူတို့ ခံစားရမည့် အခွင့်အရေးတို့ကို နစ်နာဆုံးရှုံးစေပြီး ထိုအရာရှိကြီးများနှင့်သက်ဆိုင်သော အစုအဖွဲ့များအတွက် အကျိုးအမြတ်ရရှိစေခြင်း။

- သေးငယ်သော အဂတိလိုက်စားမှု (Petty Corruption)

  ပြည်သူလူထု၏ ရသင့်သော အခြေခံခံစားခွင့်နှင့် ဝန်ဆောင်မှုများခံစား ရရှိနိုင်ရေးအတွက် အစိုးရဌာနများနှင့် ထိတွေ့ဆက်ဆံဆောင်ရွက်ရာတွင် အများပြည်သူကဏ္ဍဝန်ဆောင်မှုပေးသူ ဝန်ထမ်းများက ယုံကြည်အပ်နှံထားသော လုပ်ပိုင်ခွင့်ကိုအလွဲသုံးစားပြုခြင်း။

- နိုင်ငံရေးအဂတိလိုက်စားမှု (Political Corruption)

  နိုင်ငံရေးဆုံးဖြတ်ချက် ချမှတ်နိုင်သူများက နိုင်ငံ၏ အရင်းအမြစ်များနှင့် ဘဏ္ဍာရန်ပုံငွေများကို ခွဲဝေသတ်မှတ်ရာတွင် မိမိတို့၏ ရာထူးဌာနန္တရကို အလွဲသုံးစားပြု၍ မိမိတို့၏ အာဏာ၊ နေရာ၊ အဆင့်အတန်းနှင့် စီးပွားဥစ္စာများကို ရေရှည်တည်တံ့ခိုင်မြဲစေရန် ပြုလုပ်ခြင်း။

(အပြည်ပြည်ဆိုင်ရာပွင့်လင်းမြင်သာမှုအဖွဲ့ – TI)

## အဂတိလိုက်စားမှုကြောင့် ဖြစ်ပေါ်သည့်နစ်နာမှုများ

- အမှုပေါ်ပေါက်စစ်ဆေးရခြင်းအတွက်နိုင်ငံတော်၏စရိတ်ဆုံးရှုံးနစ်နာခြင်း
- လူ့စွမ်းအားအရင်းအမြစ်သုံးစွဲရခြင်းကြောင့်စရိတ်များဆုံးရှုံးနစ်နာခြင်း
- တရားရင်ဆိုင်ရခြင်းအတွက်စရိတ်များဆုံးရှုံးနစ်နာခြင်း
- စွပ်စွဲတိုင်ကြားခံရသူဘက်မှလည်း စိတ်ပိုင်းဆိုင်ရာ ဆုံးရှုံးမှုများနှင့် ကြုံတွေ့ရခြင်း
- ကိုယ်ကျင့်သိက္ခာကျဆင်းခြင်း
- မိသားစုအသိုင်းအဝိုင်းဂုဏ်သိက္ခာ ကျဆင်းခြင်း



## အဂတိလိုက်စားမှုကြောင့် ဖြစ်ပေါ်သော ဘေးအန္တရာယ်များ

- ဥပဒေအရ အရေးယူခံရနိုင်သော ဘေးအန္တရာယ် (Legal Proceeding Risk)
- ပိုင်ဆိုင်မှုများ ဖော်ထုတ်သိမ်းဆည်းခံရနိုင်သော ဘေးအန္တရာယ် (Legal Disclosure Risk)
- ဂုဏ်သိက္ခာဆုံးရှုံးစေသည့် ဘေးအန္တရာယ်(Reputational Risk)
- အပ်နှင်းထားသော အာဏာနှင့် လုပ်ပိုင်ခွင့်ဆုံးရှုံးစေသည့် ဘေးအန္တရာယ် (Regulatory Risk)
- မျှော်မှန်းမထားသောအခြေအနေများ ပေါ်ပေါက်လာနိုင်သည့် ဘေးအန္တရာယ် (Contingency Risk)
- စီးပွားရေးလုပ်ငန်းများတွင် အရေးပေါ်ကျရောက်နိုင်သော ဘေးအန္တရာယ် (Business Exigency Risk)
- ကိုယ်ကျင့်တရား ဆုံးရှုံးစေသည့် ဘေးအန္တရာယ် (Moral Risk)
- လိုက်နာစောင့်ထိန်းမှု ဆုံးရှုံးစေသည့် ဘေးအန္တရာယ် (Compliance Risk)
- ကြိုးစားအားထုတ်မှုများ ဆုံးရှုံးစေသည့် ဘေးအန္တရာယ် (Due-Diligence Risk)
- မိမိကျင်လည်ရာ ပတ်ဝန်းကျင်မှ ဖယ်ခွာသွားရသော ဘေးအန္တရာယ် (Exilic Risk)

## အဂတိလိုက်စားမှု၏ သက်ရောက်မှုများ

- နိုင်ငံတော်၏ ပုံရိပ်နှင့်စွမ်းဆောင်မှုကျဆင်းခြင်း
- အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့၏ လုပ်ငန်းကဏ္ဍများ ကျဆင်းစေခြင်း
- စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များအား ယိုယွင်းပျက်စီးမှု ဖြစ်ပေါ်လာစေခြင်း
- စီးပွားရေးဆုံးရှုံးမှုနှင့် အရည်အသွေးကျဆင်းစေခြင်း
- ဆင်းရဲနွမ်းပါးမှုနှင့် မညီမျှ ကွာဟမှုများ ဖြစ်ပေါ်စေခြင်း